လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ December 2024

# ဘေးအန္တရာယ်ပြမြေပုံ (Hazard Map) နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ(Risk Map) များ ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်




**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်** **နေပြည်တော်**

ဘေးအန္တရာယ်ပြမြေပုံ (Hazard Map) နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (Risk Map) များ ရေးဆွဲနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂)၊ ပြည်ထောင်စုဝန်ကြီး၊ ဦးကိုကိုလှိုင် တက်ရောက် အမှာစကား ပြောကြားရာတွင် ယခု မိုးရာသီကာလ အတွင်း တိုင်ဖွန်းရာဂီနှင့် အနောက် တောင်မုတ်သုံလေ အားကောင်းခြင်းတို့၏ သက်ရောက် မှုများကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဒေသအချို့၌ ရေကြီး ရေလျှမ်းမိုးခြင်း၊ မြေပြိုခြင်းအစရှိသည့် သဘာဝဘေး အန္တရာယ်များ ဖြစ်ပွားခဲ့ပါကြောင်း၊ သဘာဝဘေး ကြောင့် ထိခိုက်မှုများနှင့်ပတ်သက်၍ Damage Assessment များ ဆောင်ရွက်ကာ ဒေသအလိုက် ဖြစ်လာနိုင်ခြေရှိသည့် သဘာဝဘေးများကို ဖော်ထုတ် နိုင်ရေးအတွက် Risk Map နှင့် Hazard Map များရေးဆွဲပြုစုနိုင်ရန် ရည်ရွယ်ပါကြောင်း၊ AI ၊ GIS နှင့် Remote Sensing ကဲ့သို့ ခေတ်မီနည်းပညာများ အသုံးပြုပြီး ဘေးဖြစ်နိုင်ခြေအလိုက် Hazard Map နှင့် Risk Map များဖော်ထုတ်ရမှာ ဖြစ်ပါကြောင်း ပြောကြား ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာ ရင်ရင်နွယ်က Hazard Mapping ဆောင်ရွက်နိုင်ရန် GIS ကျွမ်းကျင်သူ၊ လုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သူများ လိုအပ်မည် ဖြစ်ပါကြောင်း၊ နည်းပညာပိုင်းဆိုင်ရာ Mapping ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်အမျိုးအစားအလိုက် လိုအပ်မည့် Data များလည်း ကွာခြားမည်ဖြစ်ပါ ကြောင်း၊ အဓိကအားဖြင့် Map နှင့် Data များ ပေါင်းစပ်ဖော်ပြနိုင်ရေး ကြိုးပမ်းကြစေလိုပါကြောင်း၊ လိုအပ်သည့် နည်းပညာဆိုင်ရာ အကူအညီများ ရရှိနိုင်ရေးအတွက် ကူညီပေးသွားမည် ဖြစ်ပါကြောင်း ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက် လာသူများက ဘာသာရပ်အလိုက်၊ လုပ်ငန်းအလိုက် Risk Map နှင့် Hazard Map ရေးဆွဲရာတွင် ဌာနများအလိုက် ရှိပြီးဖြစ်သည့် အချက်အလက်များ၊

နည်းပညာပိုင်းဆိုင်ရာ လိုအပ်မှုများ၊ ရရှိနိုင်မည့် အရင်းအမြစ်များနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ နှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂)၊ ပြည်ထောင်စုဝန်ကြီး၊ ဦးကိုကိုလှိုင်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးအကြံပြုခဲ့ပါကြောင်းနှင့် အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြေပုံရေးဆွဲနိုင်ရေး နည်းပညာပိုင်းဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၏ အကြံပေး ဒေါက်တာရင်ရင်နွယ်က ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြောင်းသတင်း ရရှိပါသည်။

## ၂၀၂၄ ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတက်ရောက်



**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်** **နေပြည်တော်**

၂၀၂၄ ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်၊ ရုံးအမှတ် ၂၃၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံး ဆိုင်ရာအမျိုးသမီး ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပ လျက်ရှိပါကြောင်း၊ ကိုဗစ် ၁၉ နောက်ပိုင်း စီးပွားရေးကျဆင်းခြင်း၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုများ အပါအဝင် ဆက်စပ် ဖြစ်ပေါ်နေသည့် ဘေးအမျိုးမျိုးသည် အမျိုးသမီးများအပေါ် သက်ရောက်မှု ရှိသကဲ့သို့ အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု ပိုမို၍ဖြစ်ပေါ်စေရန် တွန်းပို့လျက် ရှိပါကြောင်း၊ ကမ္ဘာ့အမျိုးသမီး ညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊လုပ်ငန်းအစီအစဉ်များကိုနိုင်ငံတော်အဆင့်မူဝါဒများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက် ပေးလျက်ရှိပါသည်။

ယခုနှစ် ဆောင်ပုဒ်သည် “**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ဖို့ အားလုံးပေါင်းစုကြိုးပမ်းလို့ ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် နှစ်(၃၀)ပြည့်ဆီ အရောက်လှမ်းစို့**” ဖြစ်ပြီး ဆောင်ပုဒ်၏အဓိက အလေးပေးလိုသည့်အချက်မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အပေါ် အကြမ်းဖက်မှု ရပ်တန့်ရန်အတွက် ကျူးလွန်သူကို လုံးဝလွတ်မြောက်ခွင့် မပေးဘဲ ထိရောက်သည့် ပြစ်ဒဏ်ပေးခြင်း၊ ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် မပေးခြင်း အပြင် အကြမ်းဖက် ခံရသူအမျိုးသမီးများအတွက် ဥပဒေဖြင့် အကာအကွယ်ရယူရန် တရားရေးဆိုင်ရာ ဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းတို့ကို အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် ပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန် လှုံ့ဆော်ပေးခြင်းဖြစ်ပါကြောင်း၊ အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်လိုပါကြောင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ Video Clip ကို ပြသခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ကို လက်ခံတွေ့ဆုံခြင်း




**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား နားလည်မှုစာချွန်လွှာ (MoU)အရ ရခိုင်ပြည်နယ် အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပြီးနောက် MoU အရ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သည့် ဒုတိယ နှစ်စီမံကိန်း(၂)ခု လုပ်ငန်းစတင်လည်ပတ်ခြင်း အစီအစဉ်ကို Hybrid စနစ်ဖြင့် ဆက်လက် ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က Online မှ ပါဝင်တက်ရောက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးက အမှာစကား

ပြောကြားရာတွင် အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံသို့ ဖွံ့ဖြိုးမှုအကူအညီ စီမံကိန်း ပူးပေါင်းဆောင်ရွက်မှု လက်ရှိ အခြေအနေများ၊ လူသားချင်းစာနာမှုအကူအညီ ပေးအပ်ခဲ့မှု အခြေအနေများနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက်အိန္ဒိယနိုင်ငံမှ ပညာသင်ဆု ပေးအပ် ခဲ့မှု အခြေအနေ၊ အကျိုးကျေးဇူး များနှင့်စပ်လျဉ်း၍ ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီးကဖွံ့ဖြိုးမှုစီမံကိန်းလက်ရှိအခြေအနေများ အား ဆွေးနွေးပြောကြားခဲ့ပါကြောင်း၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း)က MoU အရ ဆောင်ရွက် လျက်ရှိသည့် ဒုတိယနှစ် စီမံကိန်းလုပ်ငန်းများ၏ အခြေအနေနှင့် လုပ်ငန်းစတင် လည်ပတ်သည့် စီမံကိန်း(၂)ခုဖြစ်သော ပြည်သူ့ဆေးရုံတွင် အမှိုက်မီးရှို့စက် တည်ဆောက်ခြင်း နှင့် ရေပေးဝေခြင်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေ အနေတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီးနောက် စီမံကိန်းဆောင်ရွက်ပြီးစီးမှု မှတ်တမ်းအား ပေးအပ်ခဲ့ပါကြောင်းသတင်းရရှိပါသည်။

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄)ကျင်းပ



**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်** **နေပြည်တော်**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေး အဖွဲ့လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒုတိယဝန်ကြီး ဦးစိုးကြည်က အဖွင့် အမှာစကားပြောကြားခဲ့ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ် ရေးဗဟိုအဖွဲ့ တွင် လုပ်ငန်းအဖွဲ့(၁၁)ဖွဲ့ ဖွဲ့စည်းထားသည့်အနက် ပြန်လည်ထူထောင်ရေးအဖွဲ့ အနေဖြင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းများ၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးစွဲ လူနာများ အား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ပေးခြင်းအသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း၊ နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် မူးယစ် ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကို ဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ ဆောင်ရွက်လျက် ရှိပါကြောင်း၊ မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့်ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုများစွာ ထိခိုက်စေနိုင် ပြီး ကမ္ဘာနှင့်အဝှမ်း လူသားအရင်းအမြစ်ဆုံးရှုံးမှုများ

ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအထိစခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်း(၄၄)ကြိမ်၊ သင်တန်းသား (၉၁၄)ဦး၊ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး သင်တန်း(၁၉)ကြိမ်၊ သင်တန်းသား (၆၂၀)ဦးကို ပြန်လည်ထူထောင်မှု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း (၂၉)ကြိမ်၊ သင်တန်း သား (၇၀၅)ဦးနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး ဆိုင်ရာစွမ်းရည်မြှင့် သင်တန်းကို ဦးစီးဌာနရှိ ဝန်ထမ်းများအတွက် သင်တန်း(၄)ကြိမ်၊ သင်တန်းသား (၁၁၀)ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ ပြန်လည်ထူထောင်ရေး အဖွဲ့အနေဖြင့် လုပ်ငန်းဆောင်ရွက်ချက်များအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သို့ တင်ပြလျက်ရှိပါကြောင်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိအဖွဲ့ဝင်များ အနေဖြင့် မိမိဌာန၏ဆောင်ရွက်ချက်များအား တင်ပြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးကြည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ရုံး၏မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် ဖြစ်သူ Ms. Elena Ajmone Sessera အား လက်ခံတွေ့ဆုံ



**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစိုးကြည်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Elena Ajmone Sessera ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် ICRC ရုံး၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Elena Ajmone Sessera က မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ်အသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Arnaud de Baecque နှင့် မိတ်ဆက်ပေးပြီး ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် လူသားချင်းစာနာမှု အကူအညီပေးရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ မိုင်းအန္တရာယ်

အသိပညာပေးရေး၊ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ခံရသူများအား ပြန်လည် ထူထောင်ရေးလုပ်ငန်းများ၊ ICRC မှ ဆောင်ရွက်နေသည့် မိုင်းအန္တရာယ်ကြောင့် ကိုယ်အင်္ဂါမသန်စွမ်းသူများအား ခြေတု၊ လက်တု တပ်ဆင်ရေး လုပ်ငန်းများ၊ ဝန်ကြီးဌာနနှင့် ICRC တို့ကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအားရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်** **နေပြည်တော်**

လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်၍ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် "မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၁၄)" သည် (၃၀-၁၂-၂၀၂၄) ရက်နေ့တွင် (၁၀)နှစ်တိတိပြည့်မြောက်ပြီ ဖြစ်ပါကြောင်း၊ မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းများအား(၁၀)နှစ်တာကာလအတွင်း အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများက သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက ပြန်လည်သုံးသပ်မှတ်တမ်းထားရှိရန် မှာကြားခဲ့ပါသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးက ရရှိလာမည့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ အကျိုးကျေးဇူးရလဒ်များ၊ အခက်အခဲများကို အခြေခံပြီး ပိုမိုကောင်းမွန် တိကျသည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံချက် တစ်ရပ်အဖြစ် ပြန်လည်သုံးသပ်နိုင်ရန်လည်း အလေးအနက် ပြောကြားလိုပါကြောင်း၊ လူမှု ကာကွယ်စောင့်ရှောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေသည့်နေရာမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ရန်ပုံငွေအပြင် တိုင်းဒေသကြီး / ပြည်နယ်အစိုးရ အဖွဲ့တို့၏ ရန်ပုံငွေထည့်ဝင်မှု ပါဝင်နိုင်စေရေး ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သည့် ဒေသအလိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ပေးသွားနိုင်မည်ဖြစ်သည့်အတွက် အကြံပြုဆွေးနွေး သွားရန် တိုက်တွန်းပြောကြားလိုပါသည်။

ယခု ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကိုယ်ဝန်ဆောင်နှင့် မွေးဖွားလာသော ကလေး အသက်(၂)နှစ်ထိ ထောက်ပံ့ခြင်းနှင့် အသက်(၈၅) နှစ်အထက် သက်ကြီးပုဂ္ဂိုလ်များကို ထောက်ပံ့ခြင်း အစီအစဉ်(၂)ရပ် ထောက်ပံ့မှု ဆောင်ရွက်ရာတွင် ငွေသား လုံခြုံမှုရှိစေရေးအတွက် မြန်မာ့စီးပွားရေး ဘဏ်ခွဲများမှတစ်ဆင့် ထောက်ပံ့သည့်နည်းလမ်းကို စတင်အသုံးပြု ဆောင်ရွက်ရန် စီစဉ်ထားရှိပါကြောင်း၊ ယင်းအစီအစဉ် (၂)ရပ်အား ဘဏ္ဍာရေးနှစ်အတွင်း သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲ များမှတစ်ဆင့် အချိန်မီထောက်ပံ့ ပေးအပ်နိုင်ရေး ကူညီဆောင်ရွက် ပေးသွားရန် ထပ်လောင်း ပြောကြားလိုပါကြောင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ကော်မတီဝင် ဝန်ကြီးဌာနများ အနေဖြင့် ပြည်သူများအတွက် မိမိတို့ ဆောင်ရွက်ပေးရမည့်ယနေ့အစည်းအဝေးဆွေးနွေးချက် များမှရရှိလာမည့် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြု ချက်များ၊ တင်ပြချက်များကိုလည်း လုပ်ငန်းအကောင် အထည် ဖော်ဆောင်ရွက်သည့်အချိန်တွင် အလေးထား ထည့်သွင်း ဆောင်ရွက် သွားရေးမှတ်တမ်းတင် ဆောင်ရွက်သွားရန် ပြောကြားခဲ့ပါသည်။

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား (မွန်ပြည်နယ်+ဧရာဝတီတိုင်းဒေသကြီး)




၂၀၂၄ ခုနှစ်၊ဒီဇင်ဘာလ(၃)ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ၌ နံနက် (၀၉:၃၀) နာရီ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



အဆိုပါ အခမ်းအနားတွင် မွန်ပြည်နယ် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း က အဖွင့်အမှာစကား ပြောကြားပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် မသန်စွမ်းသူများ၏ လှုပ်ရှား ဆောင်ရွက်ချက်များကို Video Clip ဖြင့်ပြသခဲ့ပါသည်။ ထို့နောက် ကျိုက်ထိုမြို့နယ် မသန်စွမ်း အလုပ်အမှုဆောင်အသင်းမှ ကိုကံထူးအောင်က ထာဝရငြိမ်းချမ်းရေး တေးသီချင်း ဖြင့် လည်းကောင်း၊ မွန်ပြည်နယ် မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း၊ ချောင်းဆုံရုံးခွဲမှ ဦးငွေထွန်းက မနက်သော် တစ်ရက်ကျော် အိပ်မက်ဖော် တေးသီချင်း ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အာရှ၊ အာဆီယံ၊ SEA Game မသန်စွမ်း အားကစားပြိုင်ပွဲများတွင် ဆုများရရှိခဲ့သော ထူးချွန် မသန်စွမ်း အားကစား သမား(၂)ဦးနှင့် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အကြို လှုပ်ရှားမှု အားကစားပြိုင်ပွဲတွင် ပထမဆုရရှိ သော အားကစားသမား (၁၉) ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ပြီး အခမ်းအနားကို နံနက် (၁၀:၃၀) နာရီ တွင် ရုပ်သိမ်းလိုက်ပါသည်။ အခမ်း အနားအပြီးတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် နှင့် ဧည့်သည်တော်များက မသန်စွမ်း အားကစားသမားများအား ဂုဏ်ပြုအားပေး စကားပြောကြားပြီး အခမ်းအနားတွင် ခင်းကျင်းပြသ ထားသော မွန်ပြည်နယ် မသန်စွမ်းသူများ၏ လှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများအား ကြည့်ရှု အားပေး ခဲ့ကြပါသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မွန်ပြည်နယ်မသန်စွမ်း

သူများ အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်မသန်စွမ်း သူများအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့် ကလေး၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီ အဖွဲ့ဝင်များ၊ NGO, INGOs အဖွဲ့များ၊ ခရစ်ယာန် အရေးပြားဆေးရုံမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိက မသန်စွမ်း ကျောင်းများမှ တာဝန်ရှိသူများဆရာ၊ ဆရာမနှင့် ကလေးများ၊ သတင်းမီဒီယာအဖွဲ့များ၊ စုစုပေါင်း အင်အား (၂၀၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်ပြီး ၂၀၂၄ ခုနှစ်၊အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ၃.၁၂.၂၀၂၄ရက်က ပုသိမ်မြို့၊ ရွှေရောင်ဝါခန်းမတွင် ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် မသန်စွမ်းသူများ တက်ရောက်ခဲ့ကြသည်။




## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း (ရန်ကုန်တိုင်းဒေသကြီး)



၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု" အထိမ်းအမှတ် အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ ကြီးမှူး၍ (၅.၁၂.၂၀၂၄) ရက်နေ့ နံနက် (၀၉:၀၀) နာရီတွင် အမျိုးသမီးကလေးများ သင်တန်းကျောင်း (မလိခ)တွင် ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက/ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၏ဇနီး၊ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းရင်းသား ရေးရာဝန်ကြီး၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီး ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး ရေးရာအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး အားကစား ဆပ်ကော်မတီ၊ လေးကျွန်းသူဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ မရမ်းကုန်း ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဇနီး၊ လှိုင်မြို့နယ်၊ မြောက်ဥက္ကလာပ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့်ဇနီး၊ ဖျော်ဖြေရေးအဖွဲ့များ စုစုပေါင်း (၁၅၀)ဦး တက်ရောက်ခဲ့ကြပါသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီးမှ အဖွင့် အမှာစကားပြောကြားပြီး၊ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး(၁၆)ရက် တာလှုပ်ရှားမှု" အထိမ်းအမှတ် Video Clipပြသခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ အမျိုးသမီး သက်မွေးအတတ်ပညာ သင်ကျောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမျိုးသမီး ကလေးများ သင်တန်းကျောင်း (မလိခ)၊

အမျိုးသမီးကလေးများသင်တန်းကျောင်း(ထောက်ကြန့်) နှင့်အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး)ရှိ ကျောင်းသူများမှ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။

ဆက်လက်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အဖွဲ့များအား လူမှုဝန်ထမ်းဦးစီးဌာနမှ ငွေကျပ် ၃၀၀,၀၀၀/-၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ် ၂၀၀,၀၀၀/-၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ငွေကျပ်၂၀၀,၀၀၀/-၊ ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးအားကစားဆပ်ကော်မတီမှ ငွေကျပ် ၁,၀၀၀,၀၀၀/၊ လေးကျွန်းသူဖောင်ဒေးရှင်းမှ ငွေကျပ် ၁၀၀၀,၀၀၀/- နှင့် AFXB အဖွဲ့တို့မှ ငွေကျပ် ၃၀၀,၀၀၀/ နှင့် T-shirt အထည် (၇၀)အား လှူဒါန်းပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာ ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများမှ အသီးသီး ချီးမြှင့်ခဲ့ကြပြီး အခမ်းအနား ကို နံနက် (၁၁:၀၀)နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ်အခမ်းအနား




မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် မြို့တော်ခန်းမ၌၂၀-၁၁-၂၀၂၄ ရက်၊ နံနက် ၉:၀၀ တွင်အချိန်တွင် ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားအားစည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အထိမ်းအမှတ်နေ့ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်၍ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ ဌာနငယ်သင်တန်းကျောင်း မူကြိုကျောင်းများ၊ မန္တလေးတိုင်းဒေသကြီး/ အတွင်းမှ ဇရိပ်မွန် အမျိုးသမီး ပရဟိတ ဂေဟာနှင့် ပြည်လုံးချမ်းသာပရဟိတဂေဟာမှ ကလေးသူငယ်များ အခမ်းအနားသို့ တက် ရောက်ခဲ့ကြပါသည်။




## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း




ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် ပြည်သူများအား သဘာဝဘေးနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန် အချက်များအား အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ အတွင်း ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ

သည် တောင်ကြီးမြို့၌လည်းကောင်း၊ မိုင်းဖြတ်မြို့နယ်၊ နားလီးကျေးရွာ၌ လည်းကောင်း၊ ကလောမြို့နယ်၊



အ.ထ.က (ခွဲ) လ-၂ (အောင်ပန်းမြို့)ကျောင်း၊ အ.ထ.က (ခွဲ)ကျောင်းနှင့် အ.လ.က (နောင်မူ) ကျောင်း၌ လည်းကောင်း၊ မိုင်းဆတ်မြို့နယ်၊ အ.လ.က(ကျဒယ်) ကျောင်းနှင့် ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ အ.မ.က(ပင်ထလဲ) ကျောင်းတို့၌ လည်းကောင်း၊ တာချီလိတ်မြို့နယ်၊ မယ်ယန်းကျေးရွာ၌လည်းကောင်း၊ ဟိုပုံးမြို့နယ်၊ မူလွန်(ဖာလိုင်) ကျောင်း၊ မူလွန် (ဂနိုင်တုံ) ကျောင်းနှင့် ကလောမြို့နယ်၊ မူလွန်-ပင်မှီရွာမကျောင်းနှင့် အ.လ.က (ကျောက်စု) ကျောင်းတို့၌ လည်းကောင်း၊ မိုင်းပျဉ်းမြို့နယ်၊ ဆင်မောင်း ကျေးရွာအုပ်စု၊ ဆင်မောင်းကျေးရွာ၌ လည်းကောင်း၊ မိုင်းဆတ်မြို့နယ်၊ အ.ထ.က (ခွဲ)၊ လ-၁ (မြို့သစ်) ကျောင်း၌လည်းကောင်း၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်ကျေးရွာအုပ်စု၊ မိုင်းမန်ကျေးရွာ၌လည်းကောင်း၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုး ရေးသင်တန်းကျောင်းနှင့် အ.ထ.က (၂) ကျောင်း၌လည်းကောင်း ပြည်သူလူထုများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသား/သူများအား သက်ဆိုင်ရာ ခရိုင်မှူးများမှ သဘာဝဘေးနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေး ဟောပြော ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။






ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သည် ပြည်သူများအား သဘာဝဘေးနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန် အချက်များအား အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်း စာစောင်များဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ အတွင်း နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ (အ.ထ.က) ရွှေနန့်သာအခြေခံပညာ အထက် တန်းကျောင်း၌လည်းကောင်း၊ တပ်ကုန်း မြို့နယ်၊ ကင်းသာသစ်ဆိပ်ဝန်း ကျင်နှင့် ပင်လောင်း(၇) မိုင်ဒေသရှိ ဒေသခံပြည်သူများ၊ အ.လ.က.နောင်သင်ခါ အခြေခံ ပညာအလယ်တန်းကျောင်း၌လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိမူကြို ကျောင်း၌ လည်းကောင်း၊ ဥတ္တရသီရိမူကြိုကျောင်း၌ ပျဉ်းမနား မူကြိုကျောင်း၌လည်းကောင်း၊ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် လေးမျက်နှာမြို့နယ်၊ အခြေခံပညာ အထက်တန်း ကျောင်း၌ လည်းကောင်း၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့ နယ်၊ ပညာရေးဒီဂရီကောလိပ်၌လည်းကောင်း၊ မကွေး တိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ (အ.လ.က) ပျဉ်းမ ကျောင်း၌လည်းကောင်း၊ မင်းဘူး (စကု)မြို့နယ်၊ အ.ထ.က၊ ရေပုတ် ကျေးရွာကျောင်း၌လည်းကောင်း ပြည်သူလူထုများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ သူ များအား သက်ဆိုင်ရာခရိုင်မှူးများမှ သဘာဝဘေးနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင် များ ဖြန့်ဝေခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ခြင်း



(၁၁-၁၂-၂၀၂၄) ရက်နေ့တွင် ထားဝယ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ Hotel Dawei တွင် ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း အကြိုညှိနှိုင်း အစည်းအဝေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ကြိုတင်ကာကွယ် ရေးသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းကို ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။



(၁၆-၁၂-၂၀၂၄) ရက်နေ့တွင် ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ Victoria Cliff Hotel & Resort တွင် ငလျင်ဘေး အန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းကို ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလအတွင်း သင်တန်းဖွင့်လှစ်ခြင်း



(၁၆-၁၂-၂၀၂၄) ရက်နေ့မှ (၁၈-၁၂-၂၀၂၄) ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု သင်တန်းကို အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား/ သူ စုစုပေါင်း (၃၀) ဦးတို့မှ တက်ရောက်ခဲ့ပါသည်။



(၁၈-၁၂-၂၀၂၄) ရက်နေ့မှ (၂၀-၁၂-၂၀၂၄) ရက်နေ့အထိ ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအခြေခံသင်တန်း (၁/၂၀၂၄) ကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား/ သူ စုစုပေါင်း (၃၀) ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလအတွင်း မီးဘေးထောက်ပံ့ခြင်း



ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရုံတောကျေးရွာအုပ်စု၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းသာယာရပ်ကွက်နှင့် ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ ဟံသာဝတီ ကျေးရွာအုပ်စု၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်နှင့် မြန်အောင်မြို့နယ်၊ ထိန်သေးကြီးကျေးရွာ၌ လည်းကောင်း မွန်ပြည်နယ်၊ သထုံမြို့နယ်နှင့် မြန်အောင်မြို့နယ်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၌လည်းကောင်း၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် ဘုရားလမ်းထောင့်၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ မင်းဘူး (စကု)၊ ရေနံချောင်းမြို့နယ်၊ (မိန်းမလှကျွန်း၊ ရွာသစ်၊ မြောက်စု) ကျေးရွာတို့၌ လည်းကောင်း မီးဘေးဖြစ်ပွားခဲ့မှုခံရသူများအား ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာ တိုင်း/ ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများမှ အသီးသီး သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကမ်းပြိုထောက်ပံ့ခြင်း



(၃-၁၂-၂၀၂၄) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အမှတ် (၁၆) ရပ်ကွက်၌ မိုးသည်းထန်စွာရွာသွန်း၍ ကမ်းပြိုခဲ့မှုကြောင့် ကြိုတင်ဖျက်သိမ်းလူနေအိမ် (၆) လုံးအတွက် ပြောင်းရွှေ့စရိတ်ထောက်ပံ့ငွေကျပ် (၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၆)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၅၄,၆၀၀/-) အား (၁၂-၁၂-၂၀၂၄) ရက်နေ့တွင် ဓနုဖြူမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၉-၁၂-၂၀၂၄) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ကျောင်းစု ကျေးရွာအုပ်စု၌ မိုးသည်းထန်စွာရွာသွန်း၍ ကမ်းပြိုခဲ့မှုကြောင့် ကြိုတင်ဖျက်သိမ်းလူနေအိမ်(၄)လုံးအတွက် ပြောင်းရွှေ့စရိတ်ထောက်ပံ့ငွေကျပ် (၇၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၆) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၅၄,၆၀၀/-) အား (၁၂-၁၂-၂၀၂၄) ရက်နေ့ တွင် ရေနံချောင်းမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ဒီဇင်ဘာလအတွင်းထူးခြားဖြစ်စဉ်အတွက်ထောက်ပံ့ခြင်း



(၉-၁၂-၂၀၂၄) ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ တောင်လုံးကျေးရွာအုပ်စု၊ ဘုရားနီဘုန်းကြီးကျောင်းသို့ ရောက်ရှိလာသည့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု (၄၄) အုပ်စုမှ ဘေးသင့်လူဦးရေ (၁၄၄) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၀၂,၄၀၀/-) ကို (၉-၁၂-၂၀၂၄) ရက်နေ့တွင် ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၇-၁၁-၂၀၂၄) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး (စကု) မြို့နယ်၊ ဘုရားကျေးရွာအုပ်စု၊ ဘုရားကျေးရွာ၌ အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် သေဆုံး သူ (၁) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) အား (၁၃-၁၂-၂၀၂၄) ရက်နေ့တွင် မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဂန့်ဂေါမြို့ပေါ်သို့ တိမ်းရှောင်ရောက်ရှိလာသည့် အိမ်ထောင်စု (၂၃) အုပ်စုမှဘေးသင့်လူဦးရေ (၉၁) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈၁၉,၀၀၀/-) ကို (၂၀-၁၂-၂၀၂၄) ရက်နေ့တွင် ဂန့်ဂေါခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

မင်းဘူးခရိုင်၊ ငဖဲမြို့နယ်သို့ တိုက်ပွဲရှောင်ပြောင်းရွှေ့ အိမ်ထောင်စု (၂၈) အုပ်စုမှ ဘေးသင့်လူဦးရေ (၉၂) ဦးအတွက် ဆန်ရိက္ခာဖိုး (၁) လစာ ထောက်ပံ့ငွေကျပ် (၈၂၈,၀၀၀/-) ကို (၂၀-၁၂-၂၀၂၄) ရက်နေ့တွင် မင်းဘူးခရိုင်ဦးစီးမှူးရုံးမှဌာန ဆိုင်ရာများနှင့် ပူးပေါင်း၍ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄) ကျင်းပခြင်း



၆-၁၂-၂၀၂၄ ရက်နေ့၊ (၁၃:၀၀)အချိန်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးစိုးကြည်က အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ အခြေခံ ပညာဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့မှ တာဝန်ရှိသူများ စုစုပေါင်း(၅၀)ဦးခန့် တက်ရောက်ခဲ့ပြီး အစည်းအဝေးအား (၁၄:၀၀)အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။





## “လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းနှင့် အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်းသင်တန်း” ဖွင့်လှစ်ခြင်း



“လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းနှင့် အမျိုးသားအဆင့်စံလုပ်ငန်း အစီအစဉ် အသုံးပြုနည်းသင်တန်း” (Virtual Training) အား ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူကုန်ကူးဌာနခွဲမှ ဦးဆောင်၍ ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါသင်တန်းတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ လူမှောင်ခိုကူးခြင်း၊ လူကုန်ကူးခြင်းနှင့် အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ ပြောင်းလဲဖြစ်ပေါ်လာသည့် လူကုန်ကူးမှု ပုံစံသစ်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊လူကုန်ကူးခံရသူဟုတ်/မဟုတ် စိစစ်သတ်မှတ်ခြင်းနှင့် တရားစွဲဆိုခြင်း၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ လူကုန်ကူးမှုများအား တရားစီရင်ရေးလုပ်ငန်းစဉ်များ၊ တရားစီရင်ရေးလုပ်ငန်းစဉ်တွင် ပါဝင်နေစဉ် အတွင်း လူကုန်ကူးခံရသူများ ရရှိနိုင်သည့် ရပိုင်ခွင့်များနှင့်လျော်ကြေး၊ နစ်နာကြေး လျှော်ကြေးထားခွင့်များ၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများ သိသင့်သည့်အချက်များနှင့် ရပိုင်ခွင့်များ၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော လူကုန်ကူးခံရသူများအား နိုင်ငံသားစိစစ်၊ အတည်ပြုခြင်းလုပ်ငန်းစဉ်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကျား၊ မရေးရာ အခြေခံသဘောတရားများနှင့် လူကုန်ကူး ခံရသူများအား ကာကွယ် စောင့်ရှောက်ရေးတွင် ကျားမရေးရာအား ထည့်သွင်း စဉ်းစားခြင်းများ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ လူကုန်ကူးခံရသည့် မသန်စွမ်း အမျိုးသမီးနှင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ နှောက်ယှက် ထိပါးခြင်းနှင့် အိမ်တွင်းအကြမ်းဖက်မှု အန္တရာယ်၊ လူကုန်ကူးခံရသူများအား ပြန်လည် လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်တို့အား ဆွေးနွေးပို့ချခဲ့ ပါသည်။



သင်တန်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့မှ သင်တန်းသား၊ သင်တန်းသူ (၅၀)ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ (၉.၁၂.၂၀၂၄) ရက်နေ့မှ (၁၃.၁၂.၂၀၂၄) ရက်နေ့အထိ (၅)ရက်တာ ဖွင့်လှစ်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်ခြင်း



မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်းကို မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၌ (၁၆-၁၂-၂၀၂၄)ရက်နေ့မှ (၂၀-၁၂-၂၀၂၄) ရက်နေ့အထိ သင်တန်းသား(၂၀)ဦး ဖြင့် သင်တန်းကာလ(၅)ရက်ကြာ ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ၁၆-၁၂-၂၀၂၄ ရက်နေ့တွင် သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်း၌ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အရပ်ဖက်၊ မိတ်ဖက်အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား/သူများ စုစုပေါင်း (၄၀)ဦးခန့် တက်ရောက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။



## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၂၄)ကျင်းပ



**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်** **နေပြည်တော်**

ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ အမျိုးသား ကော်မတီအစည်းအဝေး (၁/၂၀၂၄) အစည်းအဝေးသို့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး

ဒေါက်တာစိုးဝင်းနှင့် အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဥက္ကဋ္ဌများ၊ အရပ်ဖက်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ကလေးသူငယ် ကော်မတီ အတွင်းရေးမှူးများ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ ဥပဒေနှင့်အညီ ဖွဲ့စည်းခဲ့သည့် အမျိုးသားကော်မတီကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် အဖွဲ့ဝင် ၃၉ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီကိုလည်း ၂၃.၉.၂၀၂၃ ရက်နေ့တွင် အဖွဲ့ဝင် ၄၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့တွင်လည်း ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ အဆင့်ဆင့် ဖွဲ့စည်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ လူမှုဝန်ထမ်း ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည် နယ်များတွင် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ် များ၊ မသန်စွမ်းကလေးသူငယ်များ၊ အမှုရင်ဆိုင်ဆဲ ရီမန်ကလေးသူငယ်များနှင့် တရားရုံး အသီးသီးတွင် ပြစ်ဒဏ်ချမှတ်ခြင်း ခံရသော ကလေးသူငယ်များ အတွက် လူငယ်သင်တန်းကျောင်း စုစုပေါင်း (၁၄) ကျောင်းကို ဖွင့်လှစ်ထားရှိပြီး ကလေးသူငယ် ၂၆၅၀ ဦး အား အတန်းပညာ၊ ကျောင်းပြင်ပ ပညာရေး၊ အသက် မွေးဝမ်းကျောင်း ပညာရပ်များ၊ ကောင်းမွန်သော အလေ့ အကျင့်ကောင်းများနှင့် Life Skill တို့ကို သင်ကြား ပေးပြီး ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးများ ဆောင်ရွက်လျက်ရှိပါသည်။

ကလေးသူငယ်များ၏ ပြဿနာများကို ထိထိ ရောက်ရောက် ဖြေရှင်းပေးနိုင်ရန်အတွက် လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Case Management Information System-CMIS) အား အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ အတွင်း ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ကလေးသူငယ်များ၊ ဥပဒေနှင့်ငြိစွန်းသည့် ကလေး သူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းခံရသူ ကလေးသူငယ်များ၊ ကျား မ/ အခြေပြု အကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များ၊ ဥပဒေနှင့် ငြိစွန်းသည့် ဖြစ်ရပ် (၉၇၄) ခု၊ စုစုပေါင်း (၇၉၆၄) ကို စနစ်တကျ မှတ်တမ်းတင်ဆောင်ရွက်ပေးခဲ့ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ကလေး သူငယ်အခွင့်အရေး များဆိုင်ရာ အမျိုးသား ကော်မတီ အစည်းအဝေး (၁/၂၀၂၃) ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ရှင်းလင်းခြင်း၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက် ထားရှိမှုများ၊ ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေးမူဝါဒ (မူကြမ်း) များနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းခြင်းနှင့် ထို့နောက် တက်ရောက်လာကြသော အမျိုးသားကော်မတီဝင်များ မှ အထွေထွေဆွေးနွေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်း ခဲ့ပါသည်။

